အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]

# Women's League of Burma

## နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေး ( ဖဲကြိုးဖြူ စည်းရုံးလှုပ်ရှားမှု) လှုံ့ဆော်စာ

## The White Ribbon Campaign

နေ့စဉ်အမျှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အိမ်တွင်းအကြမ်းဖက်မှုတွေ၊ လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုတွေနဲ့ လူကုန်ကူးခြင်းစတဲ့ အကြမ်းဖက်မှုဆိုင်ရာပြစ်မှုတွေ ဖြစ်ပွားနေပါတယ်။ ဒီလို ပြစ်မှုတွေဟာ မိမိတို့လူ့အသိုင်းအဝိုင်းတွင်းမှာရှိတဲ့ လူတိုင်းလူတိုင်းကို ထိခိုက်နစ်နာ နေစေပါတယ်။

တချိန်တည်းမှာဘဲ၊ မိမိအသိုင်းအဝိုင်းတွင်း အမျိုးသမီးနှင့် မိန်းကလေးငယ်များကို ဘေး ဒုက္ခရောက်စေတဲ့ အမြင်သဘောထားတွေ၊ စွဲလမ်းမှုတွေ၊ ယုံကြည်မှုတွေဟာလည်း၊ အကြမ်းဖက်မှု ပြဿနာရဲ့ အရေးကြီးတဲ့ အပိုင်းဖြစ်တယ်ဆိုရင်လည်းမမှားပါဘူး ဒါတွေကို ကိုင်တွယ်ဖြေရှင်းမှသာ အမျိုးသမီးနဲ့ မိန်းကလေးငယ်များအတွက် လုံခြုံဘေးကင်းတဲ့ လူမှုအသိုင်းအဝိုင်း တခု ဖြစ်လာမယ် လို့ ယုံကြည်ပါတယ်။

မိမိချစ်သူ၊ ရည်းစား၊ ဇနီးမယား၊ သမီးတွေ၊ မိခင်တွေ၊ အဖွားတွေ၊ ညီမတွေနဲ့ အစ်မတွေ အကြမ်းဖက်မှုခံရရင်၊ အကြမ်းဖက်တာတွေရဲ့ ခြိမ်းခြောက်မှုတွေ ကြုံတွေ့ကြရင် အမျိုးသားတွေရဲ့ ကိုယ်ပိုင် ဘဝကို ရိုက်ခတ်မှုတွေ ဖြစ်ပါတယ်။ ဒီလိုဘဲ သက်ဆိုင်သူ မိသားစုဝင်အားလုံး၊ မိမိလူမှုအသိုင်းအဝိုင်းအားလုံးကိုလည်း ထိခိုက်ပါတယ်။ ဒါကြောင့် အမျိုးသမီးနဲ့ မိန်းကလေးငယ်များအပေါ် အကြမ်းဖက်တာတွေ လျော့ပါး လာစေဖို့ အမျိုးသားများအပါအဝင် လူမှုအသိုင်းအဝိုင်း တခုလုံးက အတူတကွ ဆောင်ရွက်လှုပ်ရှားရမှာ ဖြစ်ပါတယ်။

ကမ္ဘာအရပ်ရပ်မှာ **ဖဲကြိုးဖြူ နေ့** လို့လဲ လူသိများကြတဲ့ **နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးနေ့** ကို နှစ်စဉ် နိုဝင်ဘာလ ၂၅ ရက်နေ့မှာ ကျင်းပကြပါတယ်။

အဲဒီနေ့မှာ အစိုးရတွေ၊ အမျိုးသမီးအဖွဲ့အစည်းများနဲ့ မိမိတို့နေထိုင်ရာ လူမှုအသိုင်းအဝိုင်းနဲ့ အဖွဲ့အစည်းများက မိမိတို့ပတ်ဝန်းကျင်မှာ ဖြစ်နေတဲ့ အကြမ်းဖက်မှုတွေနဲ့ ကမ္ဘာတဝှမ်းဖြစ်ပျက်နေတဲ့ အကြမ်းဖက်မှုတွေ ရပ်တန့်ရေး၊ ပပျောက်ရေးတွေအတွက် အဓိကထား ဆောင်ရွက် လှုပ်ရှားခြင်းတွေ၊ သတိပေးနှိုးဆော်ခြင်းတွေနဲ့ စည်းရုံးမှုတွေ လုပ်ကြပါတယ်။

လိင်ကွဲပြားမှုကို အခြေခံတဲ့ အကြမ်းဖက်မှုတွေကို အဆုံးသတ်နိုင်အောင် ကြိုးပမ်းတဲ့နေရာမှာ အရေးပါတဲ့အခန်းကဏ္ဍမှာ ရှိနေတာကတော့ အမျိုးသားတွေနဲ့ ယောကျာ်းလေးများဖြစ်ကြပါတယ်။ နိုင်ငံတကာမှာ၊ အမျိုးသားများနှင့် ယောကျာ်းလေးများ ပါဝင် ပူးပေါင်းဆောင်ရွက် လာစေဖို့ ရည်ရွယ်ဦးတည်ပြီး၊ **ဖဲကြိုးဖြူ စည်းရုံးလှုံ့ဆော်မှု** လို့ ခေါ်တဲ့ ဖဲကြိုးဖြူတပ်ဆင်တဲ့လှုပ်ရှားမှုကို ကမ္ဘာ့နိုင်ငံတွေမှာ လှုံ့ဆော်ဆောင်ရွက် နေတာ နှစ်အတော်များများ ရှိပါပြီ။

**ဖဲကြိုးဖြူ စည်းရုံးလှုံ့ဆော်မှု** ကို ၁၉၉၁ ခုနှစ်က ကနေဒါနိုင်ငံမှ အမျိုးသားများက ကနေဒါနိုင်ငံ၊ မွန်ထရီယာမြို့မှာ အင်ဂျင်နီယာကျောင်းသူ ၁၄ ယောက်ကို သေနတ်သမားတယောက်က စုပြုံ ပစ်ခတ်သတ်ဖြတ်ခဲ့တဲ့ နေ့ နှစ်နှစ်မြောက် နှစ်ပတ်လည် နေ့ကနေ အစပျိုးခဲ့တာ ဖြစ်ပါတယ်။ ဒီစည်းရုံးလှုံ့ဆော်မှုက အမျိုးသားများအား အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်းများကို ထုတ်ဖော် ပြောဆိုကြဖို့ တိုင်တွန်းထားပါတယ်။

**ဖဲကြိုးဖြူစည်းရုံးလှုံ့ဆော်မှု**က ကိုယ့်လူမှုအသိုင်းအဝိုင်းတခုလုံးအတွက် အရေးကြီးနေတဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စတွေကို တို့တတွေအားလုံး အရေးယူဆောင်ရွက်ဖို့ တစိုက်မတ်မတ် သတိပေးပါတယ်။

ဖဲကြိုးဖြူ တပ်ဆင်ထားခြင်းဟာ အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်နေတာတွေကို လစ်လျူမရှုဘူး၊ ရေငုံနှုတ်ပိတ်မနေဘူး ဆိုတာတွေကို အချက်ပြတဲ့ အမှတ်အသားတခု ဖြစ်သလို၊ အမျိုးသားတွေကိုယ်တိုင်က အမျိုးသမီးနဲ့မိန်းကလေးငယ်များအပေါ် အကြမ်းမဖက်ပါဘူး လို့ ကိုယ့်ကိုယ်ကို ကတိပေးတဲ့ သင်္ကေတလည်း ဖြစ်ပါတယ်။

တချိန်ထဲမှာပဲ၊ ဒီဖဲကြိုးဖြူလေးဟာ အမျိုးသမီးနဲ့ မိန်းကလေးငယ်တွေ အကြမ်းဖက်မှုကနေ ကြောက်ရွံ့ခြင်းကင်းစွာနဲ့နေနိုင်တဲ့ ကမ္ဘာလေးတခု ရရှိလာစေဖို့ မျှော်လင့်တဲ့ နိုင်ငံတကာ သင်္ကေတ အမှတ်အသား ကလေးတခု ဖြစ်ပါတယ်။

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)** က မိတ်ဆွေများအားလုံးကို လာမယ့် **နိုဝင်ဘာလ ၂၅ ရက်နေ့ က စလို့ ဒီဇင်ဘာလ ၁၀ ရက်နေ့** အထိ နှစ်ပတ်ကြာ ဖဲကြိုးဖြူလေးတွေကို ကိုယ်ကိုယ်တိုင် တပ်ဆင်ကြဖို့နဲ့ ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်အသိုင်းအဝိုင်းက မိတ်ဆွေတွေကိုလည်း ဖဲကြိုးဖြူလေးတွေ တပ်ဆင်ဖို့ အဆင့်ဆင့် လက်ဆင့်ကမ်း နှိုးဆော်ပေးဖို့ တိုက်တွန်းချင်ပါတယ်။

WLB, P.O Box – 413, Chiang Mai 50000, Thailand. Email: wlb@womenofburma.org, Website: www.womenofburma.org